ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ရက်စွဲ။ ။ ၂၀၂၁ ခုနှစ်၊ မေလ (၂၂)ရက်နေ့

ကယားပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများနှင့်ပတ်သက်၍ အမျိုးသားညီညွတ်ရေးအစိုးရ၏ ထုတ်ပြန်ကြေညာချက်

ဒီမောဆိုမြို့နယ်၊ ဒေါင်ခါးရပ်ကွက်များမှစတင်၍ ကယား/ကရင်နီပြည်နယ် မြို့နယ်များစွာတွင် လူထုတပ်ဖွဲ့များနှင့် အကြမ်းဖက်စစ်ကောင်စီတို့အကြား တိုက်ပွဲများဖြစ်ပွား လျက်ရှိနေပါသည်။ ကယား/ကရင်နီ ပြည်နယ်ရှိ လူထုများသည် အာဏာသိမ်းသည့် အကြမ်းဖက်စစ်ကောင်စီအား ဆန့်ကျင်ဆန္ဒပြမှုများ နေရာအနှံ့ ဆက်လက်လုပ်ဆောင်နေပါသည်။ ထိုဆန္ဒပြပြည်သူများအား အာဏာသိမ်းအကြမ်းဖက်စစ်ကောင်စီမှ မတရားဖမ်းဆီး ခြင်း၊ ထောင်ချခြင်း၊ နှိပ်စက်ခြင်းနှင့် သတ်ဖြတ်မှုများ လုပ်ဆောင်နေကြောင်း စိတ်မချမ်းမြေ့ဖွယ် ကြားသိနေရပါသည်။ ၂၀၂၁ ခုနှစ်၊ မေလ (၂၀) ရက်နေ့တွင် အာဏာသိမ်းအကြမ်းဖက်စစ်ကောင်စီသည် ဒီမောဆိုမြို့ ဒေါင်ခါးရပ်ကွက် (၁) (၂) နှင့် (၃) များတွင် ဆန္ဒပြပြည်သူလူထုများအား ဖမ်းဆီးသည့်အပြင် ရပ်ကွက်များအတွင်းသို့ ဝင်ရောက်ပစ်ခတ်၊ ဖျက်ဆီးမှုများ ဖြစ်ပွားသဖြင့် လူထုကာကွယ်ရေးတပ်များက ပြန်လည်၍ခုခံကာကွယ်မှုများ ပြုလုပ်ခဲ့ရသည်ဟုလည်း ကြားသိရပါသည်။

၂၀၂၁ ခုနှစ်၊ မေလ (၂၁)ရက်နေ့တွင် ကယားပြည်နယ် ဒီမောဆိုမြို့နယ်အနှံ့တွင် လူထုကာကွယ်ရေးတပ်ဖွဲ့များနှင့် စစ်ကောင်စီအကြမ်းဖက်တပ်တို့အကြား တိုက်ပွဲများဖြစ်နေသကဲ့သို့ လွိုင်ကော်မြို့တွင်းတွင် လည်းကောင်း၊ ဖယ်ခုံမြို့နယ် မိုးဖြဲတွင်လည်းကောင်း ဗုံးပေါက်ကွဲမှုနှင့် ပစ်ခတ်မှုများ ဖြစ်ပွားနေကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ ပြည်သူလူထုအား အပြင်းအထန်ဖိနှိပ်ခြင်းပြီး စစ်မြေပြင်ကဲ့သို့ ပစ်ခတ်တိုက်ခိုက်နေသော စစ်ကောင်စီအကြမ်းဖက်တပ်များ၏ လုပ်ရပ်များအား ပြင်းထန်စွာရှုံ့ချ၍ ချက်ချင်းရပ်ဆိုင်းရန်နှင့် လူထုဆန္ဒအား လေးစားရန် ထုတ်ပြန်ကြေညာလိုက်ပါသည်။ စစ်ပွဲများကြောင့် ကယား/ကရင်နီပြည်နယ်တွင် ကလေး၊ အမျိုးသမီးနှင့် သက်ကြီးရွယ်အို(၁၀၀၀)ခန့် ဒုက္ခရောက်နေသည့်အတွက် စိုးရိမ်ပူပန်ပြီး ဖက်ဒရယ်ဒီမိုကရက်တစ် အင်အားစုများနှင့် နိုင်ငံတကာမှ အလှူရှင်များမှ မိမိတို့အစိုးရနှင့်အတူ ဝိုင်းဝန်းကူညီစောင့်ရှောက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ပုံ

ပြည်ထောင်စုဝန်ကြီးချုပ်

အမျိုးသားညီညွတ်ရေးအစိုးရ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်